

လင်္ကာဒီပ စာအုပ်တိုက်
ချင်ဂီးခန်
မဟာသေနာပတိ
စတုတ္ထအကြိမ်
2017
(Creative Literature)

# မဟာဗန္ဓုလ လေးချိုးကြီး

ဆယ့်နှစ်ဖြာငယ်၊ အင်္ဂါဘိလပ်၊ ကာလကတ် မပြတ်တယ်နွံ့ရှုံ့ ချိုးဖွဲ့တုံမှ ၊ ဒိဂုဏ်ဒလ၊ မုတ်သုံဝမှာ ၊ မိစ္ဆာ့အယူ၊ ကုလားဖြူကို၊ လွယ်ကူသုံ့ပန်း၊ ရွှေလက်ရဖမ်းမယ်လို့ ၊ အောင်ခန်းငယ်စံတည်၊ မင်းဝံပြည်က ၊ ဇာနည်ကြီးနောင်၊ ညာရုံးတော်ထောင်ဆဲမို့၊ ဆောင်လယ်ဘုံမှာ ၊ ဝသုန်မြေလေးသို့ ထူးပါဘိ။

ယက္ခကုမ္ဘာဏ်၊ အတန်တန်လဲ၊ မာန်ပုဏ္ဏက၊ မျက်ရှိန်ရှသို့၊ ကြောက်ကြသော့သွင်၊ ရာတပြင်မှာ ၊ တိုက်ဆင်သံကြွား၊ ခြောက်ဆယ်အားနှင့်၊ ဗိုလ်များ မြူတေ၊ ပင်လယ်ဝေအောင်၊ တက်နန်းလျှ ရွှေဘုန်းတော် ကျူခိုက်မို့၊ ဇမ္ဗူတိုက်ခရိုင်မှာ ၊ စစ်မြေပြင်ဘုရင်သီးတွင် မှ ထီးမိပတိ။

**စာဆိုတော် ဦးမင်း။**

***

# အခန်း တစ်

## ၁

သူနှင့်စတင် တွေ့ဆုံသိကျွမ်းခဲ့ရသည့် ပထမဆုံး အကြိမ်မှာ ပင် သူသည် ထူးခြားသော စိတ်နေသဘာဝ ရှိသူ ဖြစ်ကြောင်း ကျွန်ုပ် သိသိမှတ်မှတ် သတိထားခဲ့မိလေသည် ။

ထိုနေ့က နှင်းတွေ ဝေနေသည် ။

အမရပူရရွှေမြို့တော်၏ ကျုံးရေပြင်ထက်တွင် နှင်းတို့ သိပ်သည်းစွာဆို့ဆီးနေကြသောကြောင့် ရေပြင်ကိုပင် ကောင်းစွာ မမြင်ရ။ နီညိုရင့်ရင့်မြို့ရိုး အုတ်တံတိုင်းကြီးသည် ပင် နှင်းငွေ့တို့ ကြား၌ ဝိုးတဝါးဖြစ်နေသည် ။ ကျုံး၏ အခြားဘက်မှ နေပြည်တော်လမ်းကိုမူ မမြင်ရတော့။

ဆီးနှင်း တဖောက်ဖောက် ကျသံများကလည်း မိုးစက်မိုးပေါက်များလိုပင် ထင်ရတော့သည် ။ ကျွန်ုပ်လက်ထဲတွင် ဆုပ်ကိုင်ထားသော လုံရှည်အရိုးသည် ပကတိအေးစက်နေသည် ။ ကင်းတဲအတွင်းမှာ မီးဖိုထားသော်လည်း တကယ်တမ်းအေးလှသော အမရပူရ ဆောင်းရာသီဝယ် မီးလှုံ၍ အချမ်းမပြေ။ မီးတောက်နှင့်နီးသော အပိုင်းမှာ သာ ပူနွေးပြီး အခြားနေရာများ တွင် ကား ဆောင်းဒဏ်ကို သိသိသာသာ ခံစားနေရသည် ။

ကိုယ်တွင်းအနွေးဓာတ်ကို ကျွန်ုပ် တောင့်တမိချေသည် ။

သည် လို ချမ်းချမ်းစီးစီး နံနက်အစောကြီးမှာ ထန်းလျက်အရက်က လေး တစ်ခွက်တစ်ဖလားလောက် ဗိုက်ထဲ လောင်းထည့်လိုက်ရရင်ဖြင့် …။

သို့သော် အတွေးကို ချက်ချင်းပင် ဖယ်ရှားလိုက်ရသည် ။

အမှုတော်ထမ်းနေရသည့် အချိန်၊ အရှေ့ဘက် မြို့ရိုးမုခ်တွင် ကင်းအ လှည့်တာဝန်ယူနေရသည့် အချိန်၊ ကင်းအလှည့်ကျ ရဲမက်၏ တာဝန်မှာ ကြီးမားလှသည် ။ မပြတ်မလပ်သော နား၊ မျက်စိ၊ အာရုံကို အစွမ်းကုန် နိုးကြားစေလျက် ကင်းစောင့်နေရသည် ။

သန်းခေါင်ယံအချိန်မှ စ၍ ကင်းအလှည့်ဝင်ခဲ့ရသော ကျွန်ုပ်၏ တာ ဝန်ချိန်မှာ နံနက် အုံးမောင်းခေါက်ချိန်ရောက်မှ ပြီးဆုံးမည် ဖြစ်သည် ။ ကျွန်ုပ်နှင့်အတူ ကင်းစောင့်တာဝန်ကျသော သွေးသောက်ကြီး ရဲမင်းထ င်မှာ ကောင်းစွာ ကျန်းမာသူ မဟုတ်။ အထူးသဖြင့် ယခုလို အအေးဓာ တ် လွန်ကဲလှသော ဆောင်းရာသီမျိုးဝယ် သူ့ပန်းနာရောဂါက ဆိုးဆိုးရွားရွား ဖြစ်လာတတ်သည် ။ သူ ချောင်းတစ်ချက် ဆိုးပြီ ဆိုလျှင် အရပ်အနားမရှိတော့။ ပင်ပန်းကြီးစွာ ရှိုက်ငင်လျက် ချောင်းဆိုနေရရှာ သော သူ့ခမျာ အသက်ရှူချိန်မှ ရပါလေစဟု ကျွန်ုပ်ထင်မိသည် ။ ထို့ကြောင့် ကင်းတဲအတွင်းရှိ မီးဖိုနားတွင် သူ့ကို အိပ်ရာပြင်ပေးပြီး တ စ်ချိန်လုံး အနားယူစေခဲ့ရသည် ။ စင်စစ်သွေးသောက်ကြီး ရဲမင်းထင်သ ည် မြို့စောင့်တပ်တွင် အမှုတော် ထမ်းဖို့ မသင့်တော်ပေ။ ခမျာမှာ ပန်း နာရောဂါအတွက် သက်သာရာသက်သာကြောင်း ရှာရင်း ဘိန်းလည်း စွဲ နေရှာပြီ။

ကင်းတာဝန်ကျချိန် ဖြစ်သောကြောင့် သူဘိန်းလည်း မမျိုသာ။

ရင်ခေါင်းထဲမှ တရှိုးရှိုး မြည်သံကြီးဖြင့် အသက်ရှူရင်း ရဲမင်းထင်သည် ဝေဒနာ ခံစားနေရရှာလေသည် ။ နွေးနွေးထွေးထွေးရှိစေရန် လုပ်ပေးဖို့ မှ အပ ကျွန်ုပ်လည်း ဘာမျှမတတ်နိုင်သဖြင့် သူ့အိပ်ရာ၏ တစ်ဖက်တစ်ချက်စီတွင် မီးဖိုနှစ်ခု မွေးပေးလိုက်ရသည် ။

ယခုမူ ရဲမင်းထင်သည် ဒူးနှင့်ရင်ဘတ် ထိကပ်အောင်ကွေးကာ မီးဖိုနှစ်ခုကြား အိပ်ပျော်နေလေပြီ။

မြေကရားထဲက ရေနွေးကြမ်းလည်း သူ ချွဲရှင်း အာလုတ်ကျင်းသည်နှင့် ကုန်လေပြီ။ အေးစက်နေသော လုံရိုးကို ဆုပ်ကိုင်ကာ ကျွန်ုပ်တစ်ဦးတည်း ကင်းတဲအဝတွင် ကင်းစောင့်နေရသည် ။ နှင်းစက်များကြောင့် ကျွန်ုပ်၏ မောက်တိုလည်း ရွှဲရွှဲစိုနေသည် ။ ခြုံထည်ဝတ်ရုံကို ရဲမင်းထင်အား ပေးထားရသောကြောင့် ကျွန်ုပ်၏ ကိုယ်ပေါ်တွင် လည်း နှင်းစက်များ ရွှဲနေသည် ။

ကျင့်သားရနေပြီဖြစ်သောကြောင့် အိပ်ငိုက်ခြင်းအလျဉ်းမရှိစေကာမူ အအေးဒဏ်၏ ရိုက်ခတ်မှုဖြင့် မျက်ခွံများ ကျိန်းစပ်နေသည် ။

နွေးထွေးစွာ အိပ်ပျော်နေသည့် သွေးသောက်ကြီး ရဲမင်းထင်။

အကင်းသေစပြုနေပြီဖြစ်သည့် မီးဖို။

တဖောက်ဖောက်ကျနေသည့် နှင်းစက်များ ။

အငွေ့ခြောင်းခြောင်းထနေသည့် ကျုံးရေပြင်။

မြူအထပ်ထပ် ဆို့ဆီးနေသော မြင်ကွင်း။

အမရပူရ ရွှေမြို့တော်၏ ပြင်းထန်သော ဆောင်းရာသီအောက်ဝယ် ကျွန်ုပ်တစ်ယောက်တည်း ဖြစ်နေသည် ။

လုံရိုးကို ဆုပ်ကိုင်ထားသည့် လက်ချောင်းများ ထုံကျင်လာသည် ။ ခြေသလုံးသားများ နာကျင်ကိုက်ခဲလာသည် ။ နှာသီးဖျားနှင့် မျက်ခွံစများ တွင် အအေးဒဏ်ကို ပို၍ ခံစားနေရသည် ။

အချိန်တို့ ကုန်ခဲလှဘိခြင်းဟု တွေးနေမိစဉ်မှာ ပင် အုံးမောင်းခေါက်သံကို ကြားလိုက်ရလေသည် ။ အုံးမောင်းခေါက်သံကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး နွေးသွားသည် ဟု ဆိုလျှင် စကားကြွယ်လှဟု ထင်ကြမည်။

စကားမကြွယ်ပါချေ။ အမှန်ပင် နွေးထွေးသွားချေသည် ။

ကျွန်ုပ်၏ ကင်းလှည့်တာဝန် ပြီးဆုံးသွားပြီးနောက် အလှည့်ကျသည့် ရဲမက်များ ရောက်လာကြတော့မည်။ နားနေအိပ်စက်ခွင့် ရတော့မည်။

တဲအတွင်း မီးဖိုနှစ်ခုကြားတွင် မူ ရဲမင်းထင်သည် အိပ်ကောင်းနေဆဲ။

ထိုအချိန်မှာ ပင် ဆီးနှင်းငွေ့များ ၏ တစ်ဖက်မမြင်ရသော နေရာဆီမှ လူသံများ ကြားလိုက်ရသည် ။

‘ရပ်… ဘယ်သူလဲ’

ကျွန်ုပ် အော်၍ မေးရင်း လုံရှည်ကို အသင့်ပြင်ထား လိုက်လေသည် ။

‘သစ် ငါတို့ ပါ။ ကင်းအလှည့်အပြောင်း ရဲမက်တွေ’

‘နာမည်ပြော’

‘ငတေနဲ့ ငခါး’

ရဲမက် ငတေ၏ အသံကြောင့် စိတ်ချသွားသည် ။ မကြာခင်မှာ ပင် ဆီးနှင်းမြူငွေ့များကြားထဲမှ ငတေပေါ်လာသည် ။ သူ့နောက်မှာ ငခါး။

‘ချမ်းလိုက်တာကွ၊ ကိုယ့်မေးစေ့ ကိုယ်တောင် ထိန်းလို့ မရတော့ ဘူး
’

မေးချင်းခတ် ၊ သွားချင်းရိုက်နေသော အသံဖြင့် ငတေက ညည်းသည် ။ သူ့ပါးစပ်မှ အငွေ့ဖြူဖြူများ ထောင်းထောင်းပျံ့လွင့်နေပေသည် ။

‘ငါ့များ အားနာပါဦးတော့ သန်းခေါင်ကနေ ခုထိ’

‘ရဲမင်းထင်ကော’

‘ထုံးစံအတိုင်းပဲပေါ့ ဟိုမှာ လေ’

ရဲမင်းထင် အိပ်နေရာဆီသို့ မေးငေါ့ပြလိုက်ရသည် ။

‘ဒီပန်းနာရောဂါနဲ့ ကင်းစောင့်တော့ မကိုက်ပါဘူးကွာ’

ရဲမင်းထင်ကို နှိုးရသည် ။ ကယောင်ကတမ်းထလာကာ မီးဖိုကို မီးဆွနေလေသည် ။

‘ကင်းအလှည့်ပြောင်းပြီ သွေးသောက်ကြီးရဲ့ ။ ကိုယ့်အိမ်ကိုယ်ပြန်ဘိန်းမြုံနိုင်ပြီ။ ထ… ထ’

ခါးက ရဲမင်းထင်ကို ဆွဲထူပေးသည် ။ ရဲမင်းထင်ဆီမှ ခြုံထည်ဝတ်ရုံကို လှမ်းယူကာ ကျွန်ုပ် တစ်ကိုယ်လုံးကို ပတ်လိုက်ရသည် ။ ရဲမင်းထင်၏ ကိုယ်ငွေ့၊ မီးဖိုမှ အပူငွေ့တို့ ဖြင့် နွေးနေသော ခြုံထည်ဝတ်ရုံကို လှမ်းလိုက်ရသည် မှာ အရသာ ရှိလှပေသည် ။

‘ဘာအကြောင်းထူးသေးလဲဟေ့ ငသစ်’

‘မထူးဘူး။ အားလုံး အေးချမ်းငြိမ်သက်’

‘တပ်မှူး လာစစ်သေးလား’

‘မလာဘူး’

ထုံးစံအတိုင်း ကင်းအလှည့်အပြောင်းတာဝန်ကို လွှဲကြပြီးနောက် ရဲမင်းထင်ကို တွဲကာ ကင်းတဲမှ ကျွန်ုပ်ထွက်လာခဲ့သည် ။ ငတေနှင့် ငခါးတို့ နှင်းမြူထု၏ တစ်ဖက်တွင် ပျောက်ကွယ် ကျန်ရစ်ခဲ့ကြလေသည် ။

'သွေးသောက်ကြီး ဘယ်နှယ့်နေသေးလဲ'

'အခုတော့ သက်သာသွားပါပြီ။ ဒီရောဂါမျိုးဆိုတာကလည်း အေးလေလေ ပိုဆိုးလေကိုးကွာ။ စောစောကများ ဆိုရင် ချောင်းဆိုးရင်းနဲ့ အသက်ထွက်သွားတော့မလား အောက်မေ့ရတယ်'

ရဲမင်းထင်သည် ကျွန်ုပ်ထက် ရှစ်နှစ်ခန့် အသက်ကြီးသူ ဖြစ်သည် ။ သူ့အသက်မှာ သုံးဆယ်ကျော်ပြီ။ သို့သော် ရောဂါကြောင့် သူ့ခန္ဓာကိုယ်သည် ကြုံလှီဖျော့တော့နေသည် ဖြစ်ရာ အသက်လေးဆယ်ကျော်ဟု ထင်ရသည် ။ သွေးသောက်ကြီးဟု ကျွန်ုပ်တို့ က တရင်းတနှီးခေါ်ကြသော်လည်း စင်စစ်သူသည် ကျွန်ုပ်တို့လို ရဲမက်ဆယ်ယောက် အပေါ် အုပ်ချုပ်ရသော 'အကြပ်' တစ်ဦးသာ ဖြစ်သည် ။ အကြပ်ငါးဦးကို အုပ်ချုပ်ရသော 'သွေးသောက်' အဆင့်မဟုတ်သေး။ သူ့အသက်ရှိရင်းထက် ဆယ်နှစ်ခန့်ပို၍ ကြီးရင့်အိုစာနေသော ကြောင့်သာ သူ့ကို သွေးသောက်ကြီးဟု ကျွန်ုပ်တို့ က ခေါ်နေကြခြင်းဖြစ်သည် ။

ကျွန်ုပ်တို့ နှစ်ဦးသား ကျုံးတံတား တစ်ဖက်ထိပ်သို့ ရောက်လာကြသည် ။

နံနက်ခင်းဘက် ရောက် လာလေလေ အအေးဓာတ်က ပို၍ ပြင်းလာလေလေ ဖြစ်သောကြောင့် စောစောက သက်သာသွားပါပြီဆိုသော ရဲမင်းထင်မှာ တံတားထိပ်အရောက်တွင် ရောဂါဖောက်လာပြန်သည် ။ သူ့ချောင်းသံရှည်ကြီးကို နားမခံသာဖွယ် ကြားလာရပြန်သည် ။

'ကိုင်း သွေးသောက်ကြီး၊ ခင်ဗျား ဒီအတိုင်း အိမ်ပြန်လို့ မဖြစ်သေးဘူး။ ဟောဟို လမ်းထောင့် မကျည်းပင်အောက်မှာ အကြော်တဲလေးတစ်တဲရှိတယ်။ ဝမ်းထဲ အစာလေးသွင်းပြီး ရေနွေးကြမ်းပူပူလေး သောက်ချလိုက်ဦး။ နည်းနည်း ခံသာသွားမယ်။ ကျုပ်လည်း ဝမ်းဟာနေတယ်။ အကြော်လေးဘာလေး စားလိုက်ကြရအောင်'

'ငါတော့ အိမ်ပြန်ပြီး ဘိန်းမှိုချင်တာပဲ'

'အကြော်စားပြီးမှ ပြန်။ လာစမ်းပါဗျာ'

ကင်းတာဝန်ကျပြီးသည့် နောက်တစ်နေ့တွင် ကျွနုပ်တို့ ရဲမက်များ အဖို့ နန်းတော်တွင်း တပ်စခန်းသို့ပြန်စရာမလို။ ကိုယ့်အိမ်ကိုယ်ပြန်နားနေခွင့်ရသည် ။ ရဲမင်းထင်မှာ ရွှေမြို့တော်မြောက်ဘက် ဇနပုဒ်တွင် သူ့ညီတစ်ယောက်နှင့် နေသူ ဖြစ်လေသည် ။

မန်ကျည်းပင်အောက် အကြော်တဲသို့ ရောက်သော အချိန်ထိ နှင်းမကွဲသေး။ ပို၍ ပင် ထူထပ် သိပ်သည်းနေတော့သည် ။

အကြော်တဲကလည်း ယခုမှ ထွက်လာကာစပင် ရှိသေးသည် ။ အကြော်ဒယ်ဘေးရှိ ဗန်းထဲတွင် ပဲစင်းငုံနှင့် ကတိုးဝါကြော် လေးငါးခုသာ ရှိသည် ။

'ထိုင်ကြ ရေနွေးသောက်ကြဦး၊ ရဲမက်တို့ စောစောစီးစီး ကင်းအလှည့် သိမ်းလာကြတာနဲ့ တူရဲ့ '

အကြော်သည် မိန်းမကြီးက နှုတ်ဆက်စကား ဆိုသည် ။ အကြော်တဲထဲတွင် ကျွန်ုပ်တို့ နှစ်ဦးမှ အပ ဘယ်သူမျှ မရှိသေးပေ။ ရေနွေးကြမ်းပူပူအငွေ့တခြောင်းခြောင်းကို မှုတ်လျက် အားပါးတရ သောက်ချလိုက်သည် ။ ထိုအခိုက်မှာ ပင်...

‘ဟော့.. ကတိုးဝါကြော် ရပြီလား။ မြန်မြန်လုပ်စမ်း’

ငေါက်ငမ်းသံနှင့်အတူ လူလေးယောက် တဲထဲဝင်လာကြသည် ။ နှင်းများ အရွှဲရွှဲ၊ ဆံပင် အပြေပြေ၊ ပုဆိုး လျော့ရဲရဲ။

‘ဘယ်မလဲ အကြော်၊ ဟွန်း… ဒါပဲ ရှိသေးလား။ ပေးစမ်း ရှိတာစားမယ်။ အဘွားကြီး မြန်မြန်ဆက်ကြော်စမ်း။ ကျုပ်တို့ အမြည်းလိုတယ်’

တစ်ယောက်က ပန်းကန်ထဲမှ အကြော်များကို သိမ်းကျုံးယူကာ ကျန်လူများကို ဝေပေးရင်း သူလည်း ပလုတ်ပလောင်းစားသည် ။ စားရင်းဖြင့် ခါးကြားထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်ကာ တစ်လုံးတည်းသာ စားပွဲပေါ်သို့ ခပ်ပြင်းပြင်း ဆောင့်ချလိုက်သည် ။

သေရည်ကျည်တောက်။

ကျည်တောက်ကို တစ်ယောက်တစ်လှည့်စီ မော့ကြသည် ။ စင်စစ်မူ သူတို့ အသွင်မှာ နောက်ထပ် သေရည်သောက်စရာမလိုတော့အောင်ပင် အလွန်အကျွံမူးနေပြီ ဖြစ်ကြောင်း သိသာလှပေသည် ။ သည် မှျ ချမ်းချမ်းစီးစီး ဆောင်းနံနက်အခါကြီးတွင် သည် အသွင်မျိုးဖြင့် ရောက်လာကြသော သူတို့ ကား တစ်ညဥ့်လုံးလုံး တစ်နေရာရာတွင် သောက်စား မူးယစ်လာခဲ့ကြသူများ ပင် ဖြစ်မည်။

‘အဘွားကြီး… မြန်မြန်ကြော်စမ်း ဆိုနေ၊ ဘာလဲ ငွေစမရမှာ စိုးလို့လား၊ ပေးမှာ ပေ့ါဗျာ။ ခင်ဗျားအကြော်တွေ ရှိသလောက်အကုန်စားမယ် ။ အကြော်ဖိုးတင်မက ဒီတဲရော ဒီဒယ်ကြီးပါ ကျုပ်တို့ ဝယ်လိုက်မယ်၊ ဟုတ်တယ်မဟုတ်လား ရောင်းရင်းတို့ ’

‘ဟုတ် ဟုတ် များ စွာ ဟုတ်’

သံသေးသံကြောင်များ ဖြင့် ဝိုင်း ရယ်ကြသည် ။

ရဲမင်းထင်က ကျွန်ုပ်ကို လှမ်းကြည့်သည်။ ကျွန်ုပ်က အသာနေရန် မျက်ရိပ်ပြလိုက်ရသည်။ အလွန်အကျွံ မူးယစ်နေသူများကို အသာစောင့်ကြည့်နေခြင်းသာ အကောင်းဆုံး ဖြစ်ပေသည်။

အကြော်သည် မိန်းမကြီးကား ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အကြော်ဆက်ကြော်နေရှာလေသည်။ အမူးသမားများကား ကျွန်ုပ်တို့ နှစ်ယောက်ကို သတိမထားမိကြ။ တစ်ယောက်ကိုတစ်ယောက် တွန်းထိုးရင်း အော်ဟစ်ရယ်မောနေကြသည်။

'ဖယ်စမ်း... ဖယ်စမ်း အဘွားကြီး ခင်ဗျား ကြော်နေတာ နေးကွေးလိုက်တာ။ ကျုပ်တို့ ဝင်လုပ်မယ်'

နှစ်ယောက်က မိန်းမကြီးကို တွန်းဖယ်ပစ်သဖြင့် မိန်းမကြီး လဲကျသွားသည်။ တစ်ယောက်သောသူက သံယောင်းမကို ကိုင်၍ ဒယ်ထဲသို့မွှေသည်။ တစ်ယောက်က ပဲစင်းငုံနှင့် ဆန်မှုန့်နယ်ထားသော အိုးထဲသို့ နှိုက်ယူကာ ဒယ်ထဲသို့ ပစ်ချသည်။ တစ်ယောက်က ထင်းစများကို မီးဖိုထဲသို့ ထိုးထည့်သည်။

အမူးသမားများ ရမ်းကားပြီဖြစ်၍ ကျွန်ုပ်မနေသာတော့။

'ရောင်းရင်းတို့ ဒီလိုမလုပ်ပါနဲ့ '

အကြော်ဒယ်ရှေ့တွင် ကျွန်ုပ်ရပ်လိုက်သည်။

မော်ကြည့်ကြသည်။

ယောင်းမကိုင်ထားသူက မျက်ထောင့်နီကြီးများ ဖြင့် ကြည့်ကာ ကျွန်ုပ်ကို အကဲခတ်သည်။ ကျွန်ုပ်ကိုယ်ပေါ်မှ ရဲမက်အဝတ်အစားကို တွေ့သွားလေသည်။ သူ့မျက်လုံးများ ကျဉ်းမြောင်းသွားကာ ကျွန်ုပ်ကို ဂရုမထားသော လေသံဖြင့် ပြောသည်။

‘ဟား… ရဲမက်လေးပါလား။ ရုတ်တရက်ဆိုတော့ တပ်မှူးလား၊ ဗိုလ်လားလို့ ’

‘ဟုတ်သကွ၊ ကြည့်ရတာတော့ သေနတ်တောင် ကိုင်ခွင့်မရသေးတဲ့ အငယ်စားအဆင့်လေးပဲ ဟား ဟား’

‘ရဲမက်က ကျုပ်တို့ ကို အမိန့်လာပေးတာလား’

တစ်ယောက်တစ်ပေါက်စီ ဝိုင်းအော်ကြပြန်သည် ။ တစ်ယောက်ကမူ ကျွန်ုပ်ကို လှည့်ပတ်ကြည့်လျက် ကျွန်ုပ်ရှေ့တွင် ဒူးထောက်ကာ

‘တပ်မှူးကြီးဘုရာ့… ကျွန်တော်မျိုးကြီးတို့ ကြောက်လှပါပြီဘုရာ့’ ဟု ဆိုကာ နောက်ပြောင်၍ အရိုအသေ ပြုဟန်လုပ်နေသည် ။ ဒေါသကို ချုပ်ရင်း သူတို့ မျက်နှာများကို ကျွန်ုပ် စိုက်ကြည့်လိုက်သည် ။

‘ဟ….ဟ… တပ်မှူးကြီးက ကြည့်တယ်ဟေ့။ ဒေါသထွက်နေပြီ၊ ကြောက်စရာပါလား၊ ချမ်းသာပေးတော်မူပါ ဘုရာ့’

ကျွန်ုပ်ရှေ့တွင် ရှိနေသူက မြေပေါ်တွင် ပစ်လှဲ၍ ကိုးရိုးကားရား တွန့်လိမ်ပြနေသည် ။ ကျန်လူများက တဝါးဝါး ရယ်ကြလေသည် ။ သည်းမခံနိုင်တော့။ သူတို့ ၏ မူးယစ်ခြင်းသည် ကျွန်ုပ်ကို ဤသို့ မပုတ်ခတ်သင့်။ ခြေထောက်ရှေ့တွင် ရောက်နေသော ထိုသူ၏ မျက်နှာကို ကျွန်ုပ် ဒူးနှင့် တိုက်ချလိုက်သည် ။ ကစဉ့်ကလျား ပက်လက်လန် ကျသွားလေသည် ။

‘ဟာ… ဒူးနဲ့ တိုက်တယ်’

လဲကျနေရာမှ ထိုလူ ပြန်ထသည် ။ အခြေအနေ ပြောင်းသွားပေပြီ။ ကျန်သုံးယောက်က ထိုသူ့ဘေးသို့ ဝင်ရပ်ကြသည် ။ စောစောက မူးယစ်နေသည့် အသွင်များ ပျောက်ကွယ်သွားကြသည် ။

‘ဟော့ကောင်… ရဲမက်အစုတ်… အိမ်ရှေ့မင်းအကြီးတော်ရဲ့ ညီကို စော်ကားတဲ့ အတွက် မင်း ဘယ်လိုအပြစ်ရမယ်ဆိုတာ သိစေ့မယ်။ အခု ချက်ချင်းလည်း ဟောဒီလို… ဟောဒီလို…’

ထိုသူ ကျွန်ုပ်ထံ ပြေးဝင်လာသည် ။ သို့သော် သူပင် ဒုတိယအကြိမ် လွင့်စင်သွားရသည် ။ သံယောင်းမ ကိုင်ထားသူက ကျွန်ုပ်၏ မျက်နှာကို ခုတ်ရန် ကြိုးစားသည် ။ တစ်ယောက်က ကျည်တောက်ဖြင့် ရိုက်ရန် ဝင်လာသည် ။ ကျွန်ုပ်ကို ဝိုင်းချုပ်ရန် ကြိုးစားရင်း တဲအတွင်းမှာ ဝရုန်းသုန်းကား ဖြစ်သွားသည် ။ ကျွန်ုပ်၏ တံတောင်နှင့် လက်သီးဆုပ်များက သူတို့ ကို ထိသည် လည်း ရှိသည် ။ သူတို့ ထိုးကြိတ်ချက်များ ကျွန်ုပ်ကို ထိသည် လည်း ရှိသည် ။ သူတို့ လေးယောက်စလုံး ကျွန်ုပ်ထက် သန်စွမ်းသူများ ဖြစ်ကြောင်း တွေ့ရလေသည် ။ လေးယောက်အလယ်တွင် ကျွန်ုပ်အားကုန် လူပ်ရှားနေရသည် ။ ရဲမင်းထင်ကိုလည်း အားမကိုးသာ။

ကျွန်ုပ် မြေပေါ်သို့ လဲကျသွားသည် ။ တစ်ယောက်က ကျွန်ုပ်အပေါ်မှ ဖိကာ ခေါင်းနှင့်မြေကြီး ဆောင့်ရန် ကြိုးစားသည် ။ ထို့နောက် လေးယောက်စလုံး ကျွန်ုပ်ကို ဝိုင်းချုပ်ကြတော့သည် ။ ညဥ့်တစ်ဝက်နီးပါး ကာလမျှ ချမ်းအေးသော ရာသီအောက်မှာ ကင်းစောင့်ခဲ့ရသောကြောင့် ကျွန်ုပ်မှာ အားအင်ကုန်ခမ်းကာ မူးဝေ နောက်ကျနေသည် ။ ကျွန်ုပ် အရေးနိမ့်တော့မည်ဟု သိသာသည် ။

သို့သော် ကျွန်ုပ်ကိုယ်ပေါ်မှ ဝိုင်းဖိထားကြသောသူများ တစ်ယောက်ပြီးတစ်ယာက် လွင့်သွားကြကြောင်း တွေ့လိုက်ရသည် ။ ရဲမင်းထင် ဝင်ကူသည် ဟု ထင်မိသော်လည်း ပန်းနာရောဂါသည် ရဲမင်းထင်သည် ဤမျှ မသန်စွမ်းရာ။

နောက်ဆုံးတစ်ယောက် လွင့်သွားအပြီးတွင် ကျွန်ုပ် ပြန်ထလိုက်သ

ည် ။

ဤအချိန်တွင် နှင်းကွဲစပြုပြီ။ ပါးစပြုပြီဖြစ်သော နှင်းထုအောက် တဲ တံစက်မြိတ်ပေါ်တွင် လူတစ်ယောက်ကို တွေ့လိုက်ရလေသည် ။ ကျွန်ုပ် ကို လှောင်ပြောင်ခဲ့သော ကျွန်ုပ်ဒူးနှင့်တိုက်ခဲ့သော လူသည် ထိုသူ့ လက် ရုံးထဲတွင် မလှုပ်သာ မရုန်းသာ ဖြစ်နေသည် ။

'နိုင်ထက်စီးနင်း လုပ်ချင်ကြတဲ့ သူတွေ ထွက်သွားကြစမ်း'

ထိုသူက ပြောပြောဆိုဆို သူ့လက်ထဲမှ လူကို ကျန်လူများ ထံသို့ တွ န်းဆောင့်၍ ပစ်ပေးလိုက်သည် ။ အားလုံး ဖရိုဖရဲ ဖြစ်သွားကြသည် ။

'ဟော့... ဘယ်ကကောင်'

တစ်ယောက်က အော်ဟစ်ကြိုးဝါးရန် ပြင်လိုက်သော်လည်း စကား မဆုံးမီမှာ ပင် လူစိမ်းသည် မီးဖိုထဲမှ မီးတရဲရဲ ထင်းစနှစ်ခုကို ဖျတ်လ တ်စွာ ဆွဲယူကာ တစ်ဖက်စီ ကိုင်ရင်း...

'မျက်နှာမီးမလောင်ချင်ရင် ထွက်သွားကြစမ်း'

ခက်ထန်သော အသွင်နှင့် ထင်းစကို ဝှေ့ယမ်းနေပုံမှာ ကြောက်စရာ ကောင်းလှသည် ။ အမူးသမားများ နောက်ဆုတ်သွားသည် နှင့်အမျှ လူစိ မ်းက ရှေ့တိုးသွားသည် ။ တရွေ့ရွေ့ ဆုတ်ရင်း တဲအပြင်သို့ ရောက်သွား ပြီးနောက် ကျွန်ုပ် ဒူးနှင့်တိုက်ခဲ့သော သူက လက်သီးလက်မောင်းတန်း လျက် ကြိုးဝါးနေပြန်သည် ။

'ဟော့ကောင်... ပစ္စန္တရစ်က တောသား၊ အိမ်ရှေ့မင်းအကြီးတော်ရဲ့ ညီကို စော်ကားတဲ့ အတွက် မင်း ထိပ်တုံးနဲ့ ကြိမ်ဒဏ် သင့်စမယ်၊ နား လည်လား'

'မတရား စော်ကားမော်ကား လုပ်တဲ့ လူဆိုရင် အိမ်ရှေ့မင်းအကြီး

တော်မကလို့ အိမ်ရှေ့မင်းကိုယ်တိုင်ပဲ ဖြစ်နေစ၊ ငါ ဂရုမစိုက်ဘူး။ မင်းတို့ အကြီးတော်ကို ပြောလိုက်၊ ငါ ဒီအမရပူရမှာ ပဲ ရှိနေမယ်။ ငါ့နာမည် ငရစ်၊ မုံရွာနယ် ပန်းရင်းခေါ် ငပရင်းရွာသား၊ မင်းတို့ ရွှေမြို့တော်က တံခါးမှူးကြီးဦးအောင်ဆိုတာ ငါ့အဘိုးပဲ၊ သွား အကြောင်းကြားလိုက်'

အမှုးသမားများ နေပြည်တော်လမ်းမဘက်သို့ ထွက်သွားကြသည် ။ လူစိမ်းလည်း တဲထဲသို့ ဝင် လာလေသည် ။ သူ့လက်ထဲက မီးရဲရဲ ထင်းနှစ်ချောင်းကို မီးဖိုထဲ ပြန်ထည့်ကာ ဖရိုဖရဲဖြစ်နေသော ပစ္စည်းများကို သိမ်းသည် ။

'ကျေးဇူးပါပဲ ရောင်းရင်း။ သင်းတို့ က လေးယောက်အားနဲ့ ဝိုင်းချုပ်တော့ ကျုပ်လည်း ရုတ်တရက် မခုမခံနိုင် ဖြစ်သွားတာ'

လူစိမ်းက ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်သည် ။ ဘာမျှပြန်မပြော။ သူ့အကြည့်မှာ တစ်မျိုးဟု ကျွန်ုပ်ထင်သည် ။ သူ့မျက်စိ စောင်းယောင်ယောင် ရှိဟန်တူသည် ။ ပစ္စည်းများကို သိမ်းရင်း တဲထောင့်မှာ ထိုင်နေသော ရဲမင်းထင်ကို သူတွေ့သွားသည် ။

'သူက ဘာဖြစ်နေလို့ လဲ'

ရန်ပွဲတွင် ရဲမင်းထင် ဘာကြောင့် ဝင်မကူသည် ကို သူမေးကြောင်း ကျွန်ုပ် နားလည်လိုက်သဖြင့်....

'သူက မကျန်းမာဘူး။ ပန်းနာသည် '

'ပန်းနာ ဝေဒနာသည် ကို ရဲမက်ထားရသတဲ့ လား ၊ မဟုတ်လိုက်တာ ၊ တပ်မှူးတို့ ၊ ဗိုလ်တို့ ညံ့သကိုး'

သူ့စကားကြောင့် ကျွန်ုပ် တုန်လှုပ်သွားမိသည် ။ တပ်မှူးတို့ ဗိုလ်တို့ ညံ့သကိုး ဟူသော စကားမှာ ရာဇဝတ်သင့်နိုင်သည့် စကား။ ပြီးတော့ ရဲ

မက်တစ်ယောက်ရှေ့တွင် မဆင်မခြင်ပြောသည့် စကား။

သူကမူ ပကတိ အေးဆေးတည်ငြိမ်စွာပင် မှောက်ခုံလဲနေသော စားပွဲဝိုင်းကို ပြန်ထောင်နေသည် ။

'အရီး ကျုပ်က ခရီးဝေးက တစ်ညလုံးအပြင်းနှင်လာခဲ့တာ။ အကြော်ဆက်ကြော်ပါ။ ကျုပ်လည်း ဆာလှပြီ'

အကြော်ဒယ်ရှေ့တွင် တင်ပျဉ်ခွေ ထိုင်ချကာ ဗန်းကို ပြင်ပေးသည် ။ စောစောက ရန်ပွဲ ၏ အငွေ့အသက်ကိုမျှ သူ့ထံ၌ မတွေ့ရတော့။ ဘာမျှ မဖြစ်ခဲ့သလိုပင်။ အကြော်စားရန်သာ အရေးကြီးဆုံး သဘောထားဟန် မျိုး။

ထိုအခါမှ ပင် သူ့ကို ကျွန်ုပ် အကဲခတ်ခွင့်ရတော့သည် ။

ဆံကျောင်ကို အညာတစ်ဘက်ဖြင့် ပတ်ထားသည် ။ ဖျင်ကြမ်း ခါးတိုအင်္ကျီမှာ နှင်းများ ရွှဲစိုနေပြီး အောက်ပိုးကျိုက်ထားသည့် မဲပုဆိုးမှာ လည်း ရွှံ့စက်များ ပေကျံနေသည် ။ သူ့မှာ ဘာပစ္စည်း ဘာအထုပ်မျှလည်း ပါ ဟန်မရှိ။ ငှက်ကြီးတောင်ဓားတစ်စင်းကို ဟောင်းနွမ်းလှသော ဓားအိမ်ဖြင့် လွယ်ထားသည် ။ ပါးလွှာလှသော နှုတ်ခမ်းများမှာ စကား တစ်လုံးတလေ ထုတ်ဖော်ရန် ခဲယဉ်းသည့်အလား တင်းတင်းစေ့နေသ ည် ။ ထိုင်နေသောကြောင့် သူ့အရပ်အမောင်းကို ခန့်မှန်းရန် ခဲယဉ်း သော်လည်း ကျစ်လစ်လှသည့် ကြွက်သားများကိုမူ သူ့လက်မောင်း လ က်ဖျံများ ဆီတွင် အထင်းသား တွေ့ရသည် ။

မည်သို့ဖြစ်စေ ဤလူစိမ်းကား ကျွန်ုပ်၏ အခက်အခဲကို ဝင်ရောက် ဖြေရှင်းပေးသူ၊ အနိုင်ကျင့်စော်ကားခြင်းကို မခံတတ်သူ၊ သူ့ကို ကျေးဇူး စကားဆိုရဦးမည်။

‘ရောင်းရင်း… ကျုပ်နာမည်က သေစ်ပါ။ ရဲမက်တစ်ဦးပါပဲ။ စောစောက ပြောသံကြားလိုက်တာကတော့ ရောင်းရင်းနာမည်က…’

‘သေစ်တဲ့ လား ။ ကျုပ်နဲ့ ခပ်ဆင်ဆင်ပဲ။ ကျုပ်နာမည်က ဧရစ်။ မုံရွာနယ်က ပန်းရင်းခေါ် ပေရင်း ရွာသား’

‘ဆုံရတာ ဝမ်းမြောက်ပါတယ်ဗျာ။ အခု ရွှေမြို့တော်ကို လာခဲ့တာက ’

‘ရွာမှာ နှမ်းခင်းလုပ်တယ်လေ။ အလုပ်အကိုင်မကောင်းလှပါဘူး။ မကောင်းတာထက် ကျုပ်က ဝါသနာ မပါတာက ခက်တယ်။ ကျုပ်က မင်းမှုထမ်းပြီး စစ်တိုက်ချင်တာ။ ဒီအမရပူရက တံခါးမှူးကြီး ဦးအောင်ဆိုတာ ကျုပ်အဘိုးပဲ။ အဘိုးဆီလာခဲ့တယ်’

‘ဟုတ်ကဲ့ ဟုတ်ကဲ့’

တံခါးမှူးကြီး ဦးအောင်ကို ကျုပ် ကောင်းစွာ သိသည် ။ တံခါးမှူးများ အနက်တွင် အခက်ထန်၊ အကြမ်းတမ်းဆုံး၊ မဟုတ်မခံစိတ်အရှိဆုံး အဘိုးကြီးပင်။ ယခု သူ့မြေးနှင့် လာတွေ့နေရသောကြောင့် ပို၍ အံ့သြနေမိသည် ။

‘အေးဗျာ အကူအညီ လိုရင်လည်း ပြောပေ့ါ’

‘အကူအညီ…’

‘ဟုတ်ကဲ့’

‘ကျုပ်ဆိုတဲ့ ကောင်က ဘယ်သူ့ဆီကမှ အကူအညီယူတတ်တာ မဟုတ်ဘူး ။ တစ်ခုခု လိုချင်ရင် ကျုပ်ဘာသာကျုပ် ရအောင်ယူတာပဲ။ ရောင်းရင်းဆီကလည်း တောင်းခွင့်ကြုံမှာ မဟုတ်ပါဘူး’

သူ့စကား သူ့လေသံ မာကျောပြတ်တောင်းသောကြောင့် ကျွန်ုပ်စိတ်ထဲ တစ်မျိုးဖြစ်သွားသည် ။ ပြီးတော့ ဖျတ်ခနဲ ကျွန်ုပ်ထဲ လှမ်းကြည့် လိုက်သော မျက်လုံးအစုံကိုလည်း သတိထားလိုက်မိသည် ။ ဟုတ်သည် ။ သူ မျက်စိစောင်းသယောင်ရှိသည် ကား အမှန်ပင်။ သို့သော် သူ့မျက်လုံးများ စူးရှလွန်းလှသည် ။

'ဒီအမရပူရမှာ ဘာဖြစ်နေကြတာတုန်း'

'ဗျာ'

သူ့အကြောင်းတွေးနေမိသဖြင့် သူ့အမေးကို မရှင်းမလင်းဖြစ်သွားသည် ။

'ဝေဒနာသည် ကို ရဲမက်ထားတယ်။ နန်းတွင်းသားတွေက အချိန်မဲ့စည်းမဲ့ အရက်သေစာ မူးယစ်ပြီး အားနည်းသူကို စော်ကားတယ်။ မင်းနေပြည်တော်မှာ ဒီလို မဖွယ်မရာမျိုး နောက်ထပ် ဘာတွေများ ရှိသေးလဲ'

ကျုပ်ဘာပြန်ပြောရမှန်းမသိ။

'ကျုပ်သာ အကြီးအမှူးဆိုရင် ဒါမျိုးတွေ လုံးဝ သည်းမခံဘူး'

အကြော်များကို ကောက်ဝါးရင်း သူ့ဘာသာသူ ပြောနေသည် ။

'နေပွင့်တော့မယ်။ ကျုပ်သွားမယ်။ ဒီမှာ အကြော်ဖိုး'

ပြောပြောဆိုဆို သူ ထ ထွက်သွားသည် ။ တဲအပြင်ရောက်မှ ပြန်လှည့်ကာ ကျုပ်ကို လှမ်းကြည့်လျက်...

'ဗျို့ ကိုရင် သေစ် ဆုံကြဦးစို့'

နှင်းထုထဲသို့ ထိုးဖောက်လာနေကြပြီဖြစ်သော နေခြည်တန်းများ ကို သူဖြတ်လျှောက်သွားသည် ။ မြင်ကွင်းမှ ပျောက်ကွယ်သည် အထိ မျက်

စိတစ်ဆုံးကြည့်နေမိသည် ။ သူနှင့် ပတ်သက်သော ကျွန်ုပ်၏ ခံစားရမှု အတွက် စကားလုံးနှစ်လုံးကို ကျွန်ုပ် ချက်ချင်းရလိုက်ပေသည် ။

ခင်မင်လေးစားဖွယ်… သူ။

****

# အခန်း နှစ်

## ၁

မုံရွာနယ်၊ ပန်းရင်းခေါ် ငပရင်းရွာသား ငရစ်ဆိုသူနှင့် ဆောင်းရာသီ တစ်မနက်တွင် ထူးထူးခြားခြား တွေ့ဆုံခဲ့ရပြီး နောက်ပိုင်းတွင် သူ့ကို ကျွန်ုပ်စိတ်ဝင်တစား သတိတရ ရှိနေခဲ့သည် ။ သူပြောသွားသလို သူ့အဘိုးတံခါးမှူးကြီး ဦးအောင်ထံသို့ သူ ရောက်မှ ရောက်ပါလေမလား၊ သူဝါသနာပါသည့် စစ်မှုထမ်းစစ်သည် ဖြစ်မှ ဖြစ်ပါလေမလားဟု ကျွန်ုပ်တွေးနေမိသည် ။

သူ့ကို အမှတ်ရနေသော်လည်း သူနှင့် မဆုံဖြစ်ခဲ့။ သူ့သတင်းကိုလည်း မကြားရ။ စင်စစ် ကျွန်ုပ်မှာ လည်း အမရပူရ ရွှေမြို့တော်ရှိ မြောက်မြားလှစွာသော တပ်တော်သားတို့ အနက် မြို့စောင့်တပ်၏ သာမန်ရဲမက်ငယ်တစ်ဦးမျှသာ ဖြစ်သောကြောင့် နန်းတွင်းတွင် ကျွန်ုပ်၏ လှုပ်ရှားနှံ့စပ်နိုင်မှု မှာ ကျဉ်းမြောင်းသေးငယ်လှပေသည် ။

ထို့အပြင် သူ့အကြောင်းကို တခုတ်တရ စုံစမ်းဖို့ ထားဘိဦး၊ ကျွန်ုပ်ကိုယ်တိုင်ပင်လျှင် တပ်မတော်သားတို့ ၏ မပြတ်မလပ် လေ့ကျင့်ရသော ဆင်စီး၊ မြင်းစီး၊ ဓားလှံ ၊ အဲမောင်းနှင့် မီးပေါက်သေနတ် လေ့ကျင့်ရေးများ ဖြင့် မအားမလပ်နိုင် ရှိခဲ့ရသည် ။ အထူးသဖြင့်မူ မိဘမရှိ၊ ဆွေမျိုး

ဉာဏ်ကာ မရှိ တစ်ကောင်ကြွက်သာ ဖြစ်သော ကျွန်ုပ်အဖို့ လောကတွင် ဘယ်သူ့ကိုမျှ ခင်တွယ်စရာလည်း မရှိ ဖြစ်လေရာ မိမိ၏ စစ်ရေးအတတ် ကျွမ်းကျင်မြင့်မားရေးနှင့် အမှုတော်ထမ်းအရာအဆင့် တိုးတက်ရေး သည် သာ အဓိက ဖြစ်လေသည် ။ ရွှေမြို့တော်ရှိ ဆင်တပ်င်၊ မြင်းတပ်နှင့် ခြေလျင်တပ်တို့ မှာ လည်း ဘိုးတော် မင်းတရားကြီး၏ အမိန့်တော်ဖြင့် တရံမနား တိုးချဲ့လေ့ကျင့်နေကြသည် ဖြစ်သောကြောင့် ကျွန်ုပ်မှာ ဘာကိုမှ အထွေအထူး စိတ်ပျံ့လွင့်ဝင်စားချိန်မရနိုင်။ ပြောကြစတမ်း ဆိုလျှင် တပ်နားချိန် အမှုတော်ထမ်းကာလမှ အားလပ်ချိန်မျိုးမှာ ပင်လျှင် ကျွန်ုပ်ကြိုက်တတ်သော ထန်းလျက်အရက်ကို အလျင်ကလို မှန်မှန်မ မှီဝဲဖြစ်။ အားလပ်ခွင့်ရချိန်များ တွင် ရဲမက်သွေးသောက်များ နှင့်အတူ ဝိုင်းဖွဲ့သေယစ်မည့်အစား ဆင်ဖြူရှင်မင်းတရားကြီးလက်ထက်က မင်းကြီး လက်ဝဲသုန္ဒရ စီရင်ခဲ့သော 'သေနင်္ဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာ စက္ကဲ့ပို့' ကိုသာ အထပ်ထပ် ဖတ်ရှုလေ့လာနေမိသည် ။ သာမန် ရဲမက်ငယ်ဘဝဖြင့် ကျွန်ုပ် မကျေနပ်နိုင်။ အမှုတော်ကို စွမ်းစွမ်းတမံထမ်းရင်း အကြပ်၊ သွေးသောက် စသည် ဖြင့် တစ်ဆင့်ထက် တစ်ဆင့် အရာ တိုးတက်မြင့်မားရေးသည် သာ ကျွန်ုပ်၏ တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်သည် ။

မိမိကိုယ်မိမိ မအားမလပ်အောင် မောင်းနှင်စေခိုင်းနေသည့် အချိန်တိုင်းတွင် ဆောင်းတစ်မနက်မှာ ဆုံခဲ့ရသော ပန်းရင်းခေါ် ငပရင်း ရှာ သားငရစ်ဆိုသူကို သတိရရနေမိသည် ကတော့ ဆန်းသည် ဟု ဆိုရမည် ။

သူ့ကို ဘာကြောင့် မှတ်မှတ်ရရ ရှိနေရသလဲ ဆိုခြင်းကို မူလက သဘောမပေါက်သော်လည်း တဖြည်းဖြည်း သဘောပေါက် နားလည်လာသည် ။ စင်စစ် ဤသို့ နားလည်လာရခြင်းမှာ လည်း သွေးသောက်ကြီး

ရဲမင်းထင်ကြောင့်ပင် ဖြစ်ပေသည် ။ ရဲမင်းထင်သည် လက်ရုံးအရာတွင် ညံ့ဖျင်းလှသော ရောဂါသည် ရဲမက်ကြီးဖြစ်သော်လည်း လူတစ်ဦးတစ်ယောက်၏ အဇ္ဈတ္တနှင့် ပတ်သက်၍ မူကား စေ့စေ့စပ်စပ် မြင်တတ်သောသူပင်။

ငရစ်ကို သတိရနေကြောင်း ကျွန်ုပ်က ပြောသောအခါ ရဲမင်းထင်က မျက်လုံးများကို စဉ်းငယ်မှေးယောင်ပြုလျက် ပြောလေသည် ။

'အင်း ဒီလူကို မင်း ခဏ ခဏ သတိရရနေတယ်ဆိုတာ အမှန်တော့ မဆန်းလှဘူး။ တွေ့ကြုံ ဆုံစည်းရပုံလေးကိုက အမှတ်တရ ဖြစ်စရာကိုး'

အကြော်တဲ အဖြစ်သနစ်ကို သူ ရည်ရွယ်ပြောခြင်း ပြောခြင်းဖြစ်သည် ။

'တွေ့ကြုံ ဆုံစည်းရပုံက အမှတ်တရ ဖြစ်စရာမို့လို့ ဟုတ်လား။ ထားပါတော့။ ဒါပေမဲ့ အဲဒီတုန်းက ခင်ဗျားလည်း ရှိနေတာ မဟုတ်လား ၊ ခင်ဗျားကျတော့ ငရစ်ကို သတိရတယ်လို့ တစ်ခါမှ မပြောဖူးပါလား'

'အေး ငါကလည်း မင့်လူကို သတိမှ မရဘဲ'

'ကျုပ်က ဘာကြောင့် သတိရနေသလဲဗျာ'

'ဟ ကောင်လေးရေ၊ သူတော်ချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ ဆိုတဲ့ စကား ရှိသား မဟုတ်လား၊ ငရစ်ကို မင်း အမှတ်ရနေတဲ့ အကြောင်းရင်းက ငရစ်ကို မင်းစိတ်ဝင်စားလို့ ပေါ့။ စိတ်ဝင်စားရအောင်ကလည်း ငရစ်နဲ့ မင်းနဲ့ တူတာ ရှိလို့ ပေါ့'

'ဘာတူတာလဲ။ ဘာကြောင့် ခင်ဗျား ဒီလို ပြောနိုင်သလဲ သွေးသောက်ကြီး'

‘ငါပြောမယ်။ လူလူချင်းမှာ မနောဓာတ်ချင်း ဆက်သွယ်မိတတ်တာ ရှိတယ်ကွ။ ဓာတ်ခံချင်း ဆင်တူရင် စိတ်ဝင်စားချင်း ဆင်တူရင် တစ်ယောက်ကို တစ်ယောက် သတိရနေတတ်တယ်’

‘ခင်ဗျားပြောတာ ရှုပ်လိုက်တာဗျာ’

‘မရှုပ်ပါဘူး။ မင်း နားလည်အောင် ပြောရရင် ယောကျ်ားလေးနဲ့ မိန်းကလေး ရဲစားသနာဖြစ်ကြရော ဆိုပါတော့။ သူတို့ တစ်ယောက်ကို တစ်ယောက် စိတ်ဝင်စားနေကြလေတော့ တစ်ယောက်ကို တစ်ယောက် သတိရနေတာမျိုးပေါ့။ ချစ်ရေးကြိုက်ရေး ဓာတ်ခံချင်းက တူနေတယ်လေ’

နားလည်သလိုလိုတော့ ရှိသည် ။ သို့သော် သဘောမပေါက်သေး။

‘ငရစ်နဲ့ ကျုပ် အကြောင်းပဲ ပြောစမ်းပါဗျာ။ ရဲစားသနာအကြောင်း ဥပမာ ထည့်မနေစမ်းပါနဲ့ ကျုပ်မလည်း ရဲစား မရှိပါဘူး’

‘နားဝေးသကိုးကွ၊ ကိုင်း... ငါမေးမယ်။ တို့ အခု မြို့စောင့်တပ်မှာ မင်းလို သာမန်ရဲမက်ငယ်အပေါင်း ဘယ်လောက်ရှိသလဲ’

‘ထောင်ချီရှိတာပေါ့။ ခင်ဗျားလည်း သိသားနဲ့ ’

‘အေး အဲဒီ ထောင်ကျော်တဲ့ အထဲမှာ မင်းဟာ တခြား ရဲမက်တွေနဲ့ မတူ စစ်သည် အတတ်ကို ဘာကြောင့် ဒီလောက် အပတ်တကုတ် ကြိုးစားနေသလဲ’

‘ကျုပ်က ရဲမက်ဘဝနဲ့ ကျေနပ်နေမယ့် အကောင်မှ မဟုတ်ဘဲ၊ အကြပ်၊ သွေးသောက်၊ တပ်မှူး၊ ဗိုလ် အဆင့်ဆင့်တက်ချင်တာ၊ လက်ရုံးစွမ်းပြချင်တာ၊ စစ်သည် တော်ကောင်း ဖြစ်ချင်တာ’

‘မင့်လူ ငရစ်လည်း ဒီလိုပဲ ရှိမှာ ပဲပေါ့။ စီးပွားလက်ငုတ် နှမ်းခင်းကို

ပစ်ပြီး အမရပူရ တက်လာတာ ကြည့်တော့၊ မင်းတို့ နှစ်ယောက် အဲဒီလို ခတ်ခံချင်းတူနေလို့ ၊ ပြီးတော့ ခတ်ခံချင်းတူနေတာကိုလည်း မင်းက အလိုလို သိလိုက်လို့ ငရစ်ကို မင်းစိတ်ဝင်စားတာပေါ့ ။ ဒါပဲပေါ့ကွ'

'ကျုပ် သူ့ကို အတော် သဘောကျနေတာဗျ'

'သဘောကျစရာပါပဲ။ လူပုံကြည့်ရတာကတော့ဟော့။ အတော် ရည်ရွယ်ချက်ကြီးပြီး အတော်ပြတ်သားမယ့်ပုံ၊ ဒါပေမဲ့ သဘောမနောကတော့ ဖြောင့်စင်းမယ့်ပုံပဲ'

'နေစမ်းပါဦး၊ ခင်ဗျားပြောတာ ဘာတဲ့ ။ ခတ်ခံချင်း တူတယ်ဆိုတော့ ကျုပ်က သတိရနေသလို သူကကော ကျုပ်ကိုများ သတိရနေမလား မသိဘူးဗျနော်'

'ငါ့အထင်တော့ သူလည်း အလားတူရှိမှာ ပဲ'

'ဒါပေမဲ့ ဒီလူ ဘယ်ရောက်နေတယ်ဆိုတာ မသိရတာက ခက်တယ်ဗျာ'

'တံခါးမှူးကြီးဆီ သွားမေးပါလားကွ'

'အဘိုးအောင်လား။ ဒီလူကြီးနဲ့ စကားပြောရမှာ တော့ လန့်တယ်ဗျာ'

'အင်းလေ မင်းစုံစမ်းနေစရာတောင် လိုမယ် မထင်ပါဘူး။ တစ်နေ့နေ့တော့ မင်းတို့ နှစ်ယောက် ဆုံကြဦးမှာ ပါပဲ'

သွေးသောက်ကြီး ရဲမင်းထင်၏ စကား မှန်လှကြောင်း တွေ့ရတော့သည် ။ သူနှင့် ကျွန်ုပ် ပြန်လည်ဆုံတွေ့ ရပုံမှာ လည်း ပထမအကြိမ်ကဲ့သို့ပင် အမှတ်ထင်ထင် ရှိလှသည် ။ သို့သော် ပထမအကြိမ် ဆောင်းတစ်နံနက် နှင်းဖြူတွေ ပိတ်ဆို့နေချိန် နေပြည်တော်လမ်းထောင့်က

အကြော်တဲလေးမှာ အမူးမားများ နှင့် ရန်ပွဲဖြစ်နေစဉ် ဆုံပုံမျိုးနှင့် လုံးဝ မဆိုင်။

ရွှေနန်းတော်ကြီး၏ ညီလာခံသဘင် ၊ မှူးမတ်ပရိသတ် ပိုလ်ပုံအ လယ်။

****